ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၆ ၊ အမှတ် ၃ | ၂၀၂၀ ပြည့်နှစ် ၊ ဒီဇင်ဘာလ ၁ ရက်

## အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးအား Virtual Meeting ဖြင့် ကျင်းပပြုလုပ်ခြင်း



အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကော်မတီ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့၊ နေ့လည် ၁၄:၀၀ နာရီအချိန်တွင် ကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ပူးတွဲကော်မတီဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တို့မှ ဦးဆောင်၍ Virtual Meeting တစ်ရပ်အား ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ပူးတွဲကော်မတီဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ကော်မတီအစည်းအဝေးများကို (၆) လတစ်ကြိမ် ကျင်းပရမည်ဖြစ်သော်လည်း ယခုအခါမှာ COVID-19 ကမ္ဘာ့ကပ်ရောဂါဟာ ကမ္ဘာတစ်ဝှမ်းမှာ ဖြစ်ပွားနေသည့်အတွက် ပဉ္စမအကြိမ်မြောက် အစည်းအဝေးကို ယခုကဲ့သို့ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေးကျင်းပရသည့် ရည်ရွယ်ချက်မှာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန အသီးသီးရဲ့ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အခက်အခဲများကို တင်ပြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ ဌာနများအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းများအတွက် နိုင်ငံတကာအဖွဲ့အစည်းများထံမှ နည်းပညာနှင့် စွမ်းဆောင်ရည် ကောင်းမွန်စေရေးဆိုင်ရာ အကူအညီများ တောင်းခံသွားရန်နှင့် Category C အောက်ရှိ Article များနှင့်ပတ်သက်၍ Indicative Timeline များကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ မတိုင်မီ WTO သို့ Notify ပြုလုပ်နိုင်ရေးအတွက် လိုအပ်သော ကြိုတင်ညှိနှိုင်းမှုများ ပြင်ဆင်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ Category C အောက်ရှိ Article များအတွက် TACB (Technical Assistance and Capacity Building) နည်းပညာအကူအညီနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စနှင့်ပတ်သက်၍ အဖွဲ့ဝင်ဌာနများအနေဖြင့် လိုအပ်သော အကူအညီများ ပြုစုပေးပို့ပြီး ဖြစ်သည့်အတွက် Donors ရှာရန်အတွက် အတွင်းရေးမှူးရုံးမှ ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး က ကိုဗစ်ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် သမားရိုးကျကုန်သွယ်မှုပုံစံမှသည် အီလက်ထရွန်နစ်နည်းလမ်းအသုံးပြု ကူးသန်းရောင်းဝယ်ရေးပုံစံသို့ ကူးပြောင်းလာခြင်းနှင့် ထိုဖြစ်စဉ်နှင့် တစ်ဆက်တည်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး စီမံဆောင်ရွက်မှုများကို နိုင်ငံအများက တိုးတက်ဆောင်ရွက်လာကြပုံ၊ OECD ၏ COVID-19 Policy Response အကြံပြုချက် သုံးရပ်ဖြစ်သည့် လုပ်ရိုးလုပ်စဉ်များအား ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အလွယ်တကူသိရှိစေရေး၊ ကိုဗစ်ရောဂါထိန်းချုပ်မှုအတွက် ထားရှိသည့် Standard Formality များ မြန်ဆန်စွာဆောင်ရွက်ရေးနှင့် ဒီဂျစ်တယ်အသုံးပြုသည့် လုပ်ငန်းစဉ်များ ပြောင်းလဲဆောင်ရွက်သွားရေး အကြံပြုချက်များနှင့်အညီ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး လုပ်ဆောင်ချက်များကို ဆောင်ရွက်သွားရန် တိုက်တွန်းထားပုံ၊ ကိုဗစ်ကပ်ရောဂါကာလအတွင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ ကုန်စည်တင်ပို့/တင်သွင်းခြင်းများ လွယ်ကူချောမွေ့စေရေး၊ ကုန်စည်များ မပြတ်တောက်စေရေး ဆောင်ရွက်ပေးခဲ့မှုများ၊ သွင်းကုန်လိုင်စင်ကြေးများအား လျှော့ချကောက်ခံခြင်း၊ ဆေးများနှင့် ဆေးဝါးပစ္စည်း ထုတ်လုပ်သည့် ကုန်ကြမ်းများအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုခြင်း၊ ဆိပ်ကမ်းအသုံးပြုခများအား လျှော့ချပေးခြင်း၊ MACCS စနစ်တွင် တင်ပြရမည့် စာရွက်စာတမ်းများ လျှော့ချခြင်း၊ မူရင်းစာရွက်စာတမ်း တင်ပြမှုများကို လျှော့ချပေးခြင်း၊ Electronic Form D တင်ပြခွင့်ပြုခြင်း၊ Fully Online စနစ် အသုံးပြု၍ ပို့ကုန်/သွင်းကုန်လိုင်စင်များ ဆောင်ရွက်ပေးခြင်း၊ သွင်းကုန်လိုင်စင်နှင့် ပို့ကုန်လိုင်စင်များ ဖြေလျှော့ပေးခြင်းစသည့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပုံနှင့် အနာဂတ်တွင် ဒီဂျစ်တယ်ကုန်သွယ်ရေးအတွက် အရေးပါသည့် ပြတင်းတစ်ပေါက်စနစ်ကို ဝိုင်းဝန်းအကောင်အထည် ဆောင်ရွက်ရန်နှင့် MACCS ၊ TradeNet 2.0 အစရှိသော စနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် များမကြာမီကာလအတွင်းတွင် ပိုမိုမြန်ဆန်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် လုပ်ငန်းအစီအမံများကို ဦးစားပေးအလိုက် သတ်မှတ်ကာလများအလိုက် စတင် အကောင်အထည်ဖော်ရန်နှင့် Collective Approach ဖြင့် စုစုစည်းစည်း ဆောင်ရွက်ရန်ပြောကြားခဲ့ပါသည်။

ထို့နောက် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အတွင်းရေးမှူး ၊ ကုန်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလေး က စတုတ္ထအကြိမ်မြောက် ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးခဲ့မှု အခြေအနေများ၊ ဆောင်ရွက်ဆဲအခြေအနေများအား အသေးစိတ်တင်ပြဆွေးနွေးသွားခဲ့ပါသည်။ ဆက်လက်၍ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းမှ TradeNet 2.0 စနစ် လုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများ၊ ရရှိသည့် အကျိုးရလဒ်များအား အသေးစိတ်တင်ပြဆွေးနွေးပြီးနောက် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် က အကောက်ခွန်ဦးစီးဌာနသည် Trade Facilitation တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန်အလို့ငှာ နိုင်ငံတကာအကောက်ခွန် လုပ်ထုံးလုပ်နည်းများအညီ ကျင့်သုံးဆောင်ရွက်နေမှု၊ MACCS စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား တင်ပြဆွေးနွေးသွားခဲ့ပါသည်။

ဆက်လက်၍ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီအောက်တွင် ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့ (၅)ခု ဖြစ်သည့် ဆက်သွယ်ဆောင်ရွက်မှုနှင့် ပွင့်လင်းမြင်သာရှိမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာ လုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ စမ်းသပ်စစ်ဆေးမှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ Individual Agency Programme ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့များ၏ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးများက လုပ်ငန်းအဖွဲ့များအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများအား အသီးသီး ဆွေးနွေးတင်ပြခဲ့ပြီးနောက် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ဝင်းမင်းဖြိုးမှ အာဆီယံဒေသတွင်း ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်နေသည့် အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် ကော်မတီအစည်းအဝေးသို့ တက်ရောက်လာကြသော ဌာန၊ အဖွဲ့အစည်းများမှ အကြီးအကဲများက ဌာနများအလိုက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများအား အသီးသီး ဆွေးနွေးတင်ပြသွားခဲ့ပြီး ညနေ ၅:၀၀ နာရီ အချိန်တွင် ပြီးစီးခဲ့ပါသည်။

# Virtual စနစ်ဖြင့် ကျင်းပခဲ့သည့် ASEAN Customs Transit System Launch Event သို့ တက်ရောက်ခြင်း

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၃၀ ရက်နေ့၊ (၁၃:၃၀) မှ (၁၄:၄၅) အချိန်ထိ Virtual စနစ်ဖြင့် ကျင်းပခဲ့သည့် ASEAN Customs Transit System Launch Event သို့ အကောက်ခွန်ဦးစီးဌာန မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးဆောင်၍ အကောက်ခွန်အရာရှိများမှ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားကို အာဆီယံအတွင်းရေးမှူးချုပ် H.E Dato Lim Jock Hoi က အဖွင့်အမှာစကား ပြောကြားခြင်း၊ European Commissioner ၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Koen Doens က အမှာစကား ပြောကြားခြင်း၊ စင်္ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Ms. Ng Bee Kim က အမှာစကားပြောကြားခြင်း၊ ASEAN Freight Forwarders Association (AFFA) ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Yukki Nugrahawan က အမှာစကားပြောကြားခြင်း၊ ASEAN Customs Transit System အား စုပေါင်းဆွေးနွေးခြင်း၊ အာဆီယံဆိုင်ရာ EU သံအမတ်ကြီး H.E. Igor Driesmans က နိဂုံးချုပ် အမှာစကားပြောကြားခြင်းဖြင့် ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် အာဆီယံစီးပွားရေး တိုးမြင့်လာစေရန်၊ အာဆီယံဒေသတွင်း ကုန်ပစ္စည်း သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရန်၊ ACTS စနစ် အတွင်း ပါဝင်ဆောင်ရွက်သည့် အာဆီယံနိုင်ငံများအား ဝန်ထမ်းအရင်းအမြစ်များနှင့် ကွန်ပျူတာကိရိယာများ အဓိက ကူညီခြင်း ဖြစ်သည့် European Commission ၏ နည်းပညာနှင့် ဘဏ္ဍာငွေ ထောက်ပံ့ကူညီမှုဖြင့် အာဆီယံ အကောက်ခွန် ဖြတ်သန်းသယ်ယူမှုစနစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း၏ ရည်မှန်းချက် ဖြစ်သော အာဆီယံ ဒေသတွင်း ကုန်သွယ်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့် လွတ်လပ်စွာ ကုန်စည်သယ်ဆောင်နိုင်ရေး ဆောင်ရွက်နိုင်ရန်၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သော ASEAN Customs Transit System အား ရှင်းလင်း ဆွေးနွေးခဲ့ပြီး အခမ်းအနားကို (၁၄:၄၅) အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။












# အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် လက်ကိုင်ဖုန်းအမျိုးမျိုး ၊ စက်မှုကုန်ကြမ်း (ဘောထုပ်) ၊ လျှပ်စစ်ပစ္စည်းများ ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား Lot–(၈) ခု ခွဲ၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း







(၁၉.၁၁.၂၀၂၀) ရက်နေ့ ၊ (၁၀:၀၀) အချိန်တွင် အကောက်ခွန်ကုန်လှောင်ရုံ ၊ ကမ်းနားလမ်းကွန်ကရစ်လမ်းမ ၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်တွင် အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် လက်ကိုင်ဖုန်းအမျိုးမျိုး ၊ စက်မှုကုန်ကြမ်း (ဘောထုပ်) ၊ လျှပ်စစ်ပစ္စည်းများ ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား အကောက်ခွန်ဦးစီးဌာန လေလံတင်ထုခွဲရောင်းချရေးအဖွဲ့ (၃.၉.၂၀၂၀) ရက်စွဲပါ ရုံးတွင်း အမိန့်စာအမှတ် (၄၀၂/၂၀၂၀) အရ ဖွဲ့စည်းပြီး Lot– (၈) ခု ခွဲ၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခဲ့ပါသည်။





လေလံတင်ရောင်းချခြင်း အခမ်းအနား (၁၂:၃၀) အချိန်တွင် ပြီးဆုံးခဲ့ပြီး စုစုပေါင်းလေလံတင်ရောင်းချရငွေ ကျပ်သန်းပေါင်း (၁၀၇) သန်း ရရှိခဲ့ပါ သည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၉၉၃.၁၀၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ(၁) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၅၇) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် (၁၉၉၃.၁၀၇) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ဖမ်းဆီးမှု




(၂၇.၁၁.၂၀၂၀) ရက်နေ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဆိုက်ရောက်တွင် UB-1002/SF-5601 ဖြင့် စင်ကာပူနိုင်ငံမှ စီးနင်းလိုက်ပါလာသော မြန်မာနိုင်ငံသားခရီးသည် U HLENN TUN AUNG ခရီးဆောင်အိတ်အား X-Ray ဖြတ်သန်းစစ်ဆေးရာတွင် အိတ်အတွင်းမှ တင်သွင်းခွင့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မိုဘိုင်းဖုန်း နှင့် ဖြည့်စွက်ဆေး စုစုပေါင်း (၈)မျိုး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄.၂၆၀) သန်း အားတွေ့ရှိခဲ့သည့်အတွက် တားဆီးခဲ့သော အမှုဖြစ်ပါသည်။

HPT ဆိပ်ကမ်းတွင် White Unicorn Co., Ltd မှ ID No. 100113614750 (23.7.2019) ဖြင့် PET (Cut of Shape) (18700) Kg, (1x40)Ctnr, စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၅၆၄၁၉၃၉.၆/-) အား တင်သွင်းလာခဲ့သော်လည်း အဆိုပါကုန်ပစ္စည်းများမှာ သဘာဝပတ်ဝန်းကျင်ဌာန၏ ထောက်ခံခွင့်ပြုချက် လိုအပ်သဖြင့် လျှောက်ထားခဲ့သော်လည်း မရရှိခဲ့သည့်အပြင် ရက် (၆၀) ကျော် လေလံဝင်ပစ္စည်းဖြစ်သွားခဲ့ပါသည်။ ထို့အပြင် ကုမ္ပဏီမှ ဆိပ်ကမ်းအခွန်အခနှင့် ကျသင့်ခွန် အရပ်ရပ်အား ပေးဆောင်နိုင်ခြင်းမရှိတော့ပါသဖြင့် စွန့်လွှတ်ကြောင်းကြေညာခဲ့သောကြောင့် တားဆီးခဲ့သော အမှုဖြစ်ပါသည်။



# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၉၉၃.၁၀၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ ဖမ်းဆီးမှု







(၅.၁၁.၂၀၂၀) ရက်နေ့တွင် ရန်ကုန်-ဘားအံ-မြဝတီ လမ်းကြောင်း မိုင်တိုင်အမှတ်(၇၅/၂) အဗျားရွာအနီးတွင် မြဝတီမှ ရန်ကုန်သို့မောင်းနှင်လာသော ယာဉ်အမှတ် (1P/5286) (Yutong ZK6122HDAA) (ဘုန်းပွင့်စံမှန်လုံယာဉ်) အား တားဆီး စစ်ဆေးရာ စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသော လူသုံးကုန် နှင့် ဆေးဝါးများ စုစုပေါင်းခန့်မှန်း တန်ဖိုး ကျပ် (၁၅၅.၅၇၁) သန်းခန့် တင်ဆောင်လာသည်ကို စစ်ဆေး တွေ့ရှိသဖြင့်အဆိုပါပစ္စည်းများနှင့် သယ်ဆောင်သောယာဉ် အား အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူသောအမှု ဖြစ်ပါသည်။














# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၉၉၃.၁၀၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြား ဖမ်းဆီး/တားဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် (၂၀၂၀) ပြည့်နှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နေစဉ် မန္တလေးမှ မူဆယ်မြို့ဘက်သို့ မောင်းနှင်လာသည့် Mitsubishi Canter ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်ရှိ အခြေခံစားသောက်ကုန်များ၏အောက်တွင် ဖုံးကွယ်၍ သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးအရွယ်အစားမျိုးစုံ (၄၈၆၃) Kg ခန့် စစ်ဆေးတွေ့ရှိရသဖြင့် ကျောက်စိမ်း ၊ အခြေခံစားသောက်ကုန်များ နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၂၆၀.၃၈၅) သန်းအား တားဆီး ခဲ့ပါသည်။





# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၉၉၃.၁၀၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြား ဖမ်းဆီး/တားဆီးမှု

ထူးခြား ဖမ်းဆီး/တားဆီးမှုအနေဖြင့် (၂၀၂၀) ပြည့်နှစ် နိုဝင်ဘာလ (၁၃) ရက်နေ့တွင်







မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းများသို့ ရှောင်တခင် ကင်းလှည့်စဉ် ရန်ကုန် - မြဝတီ ပြည်ထောင်စုလမ်းမကြီး ခြံကြီးကျောင်းကွေ့အနီးတွင် စုပုံထားသော တရားမဝင် ကန့်သတ်ကုန်ပစ္စည်း ဖြစ်သည့် Supplements (၂၆) မျိုး ၊ စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၃၀.၇၃၅) သန်းခန့်အား တွေ့ရှိရသဖြင့် တားဆီးခဲ့ပါသည်။






























## မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | ၁ မှု | ၁ မှု | ၂ မှု | ၃၇.၇၀၀ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၂ မှု | ၂ မှု | ၂.၅၂၁ သန်း |
| | စုစုပေါင်း | ၁ မှု | ၃ မှု | ၄ မှု | ၄၀.၂၂၁ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း (၁–၁၁–၂၀၂၀) ရက်နေ့မှ (၃၀–၁၁–၂၀၂၀) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်း များ ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ၊ သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၅) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၄၁.၁၅၀) သန်းအား တားဆီး အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။


## ၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာလအတွင်း
## အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ



⇒ **Baby Diaper** တင်သွင်းလိုပါသဖြင့် H.S Code လာရောက် မေးမြန်းရာ H.S Code မှာ **9619.00.13** နှင့် **CD-5%** ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။




⇒ **Lotion** တင်သွင်းလိုပါသဖြင့် H.S Code လာရောက် မေးမြန်းရာ H.S Code မှာ **3304.99.30** နှင့် **CD-20%** ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။




⇒ **Sanitary Wares** တင်သွင်းလိုပါသဖြင့် H.S Code လာရောက် မေးမြန်းရာ H.S Code မှာ **6910.90** နှင့် **CD-3%** ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။




⇒ **Food Supplement** တင်သွင်းလိုပါသဖြင့် H.S Code လာရောက် မေးမြန်းရာ H.S Code မှာ **2106.90.72** နှင့် **CD-15%** ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။